ပဉ္စဂံစာအုပ်တိုက်

လူထုအိတ်ဆောင်
(၉)

လူငယ်များအတွက်

# ဒီမိုကရေစီ ပုံပြ

ပဉ္စဂံစာတည်းအဖွဲ့



# စာအုပ်တိုက်၏ အမှာစာ

ဆိုးဝါးစုတ်ပဲ့လှသော အာဏာရှင် စနစ်ဆိုး၏ လက်အောက်မှ ကျွန်ုပ်တို့တိုင်းပြည်သည် ဒီမိုကရေစီ စနစ်ဟူသော အရာကို ပွေ့ဖက်၍ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရန် ဟန်ပြင်နေပေပြီ။မူဝါဒသစ်နှင့်အတူ တိုင်းပြည်ထူထောင်ဖို့ရန် အသင်းအပင်း အဖွဲ့အစည်းများ၊ ယခုခေတ်သုံး အရပ်ဘက် အဖွဲ့အစည်းများ မြောက်မြားစွာ ထူထောင်ကြလေပြီ။ များမကြာမီ အချိန်အတွင်း နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများ၊ စည်ပင်ဌာန ရွေးကောက်ပွဲများ စသဖြင့် ရွေးကောက်ပွဲများ ကျင်းပသည်ကို နိုင်ငံအနှံ့အပြား မြင်တွေ့ ရပေတော့မည်။

ဒီမိုကရေစီ စနစ်၏ အလေ့အထများနှင့်အတူ ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သော်လည်း ပြည်သူများ၏ အသိတရားများကို ပြုပြင်ပြောင်းလဲရန်မှာ အတော်ပင် ခက်ခဲနိုင်ပေသည်။

ကျွန်ုပ်တို့တိုင်းပြည်တွင် ကြုံတွေ့ခဲ့ရသော သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်၊ ကိုလိုနီစနစ်၊ လက်နက်ကိုင်အာဏာရှင်စနစ် များဖြင့် နှစ်ပေါင်းများစွာ နေခဲ့ရသောကြောင့် ပြည်သူပြည်သားများသည် အကြောက်တရားမှ ရုန်းထွက်ဖို့ရန် အတော်ပင်ကြိုးစားရပေဦးမည်။ ထိုအကြောက်တရာနဲ့ နေခဲ့ရသောကြောင့် တစ်ယောက်ချင်း၏ သိမ်ငယ်မှုများ၊ မကျေနပ်မှုများမှတဆင့် လက်တုံ့ပြန်လိုမှုများကြောင့် လိုအပ်သော ပန်းတိုင်ရောက်ဖို့ရန် အထစ်အငေါ့များ ဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့် ဒီမိုကရေစီ ပန်းတိုင် ရောက်ရှိဖို့ရန်၊ ထစ်ထစ်ငေါ့ငေါ့မဖြစ်စေရန် ဒီမိုကရေစီ၏ အခြေခံသဘောကို မသိသေးသူများသိရအောင် ၊ သိပြီးသူများ မမေ့ရအောင် ပညာရှိသတိဖြစ်ခဲ ဆိုသည့်အတိုင်း အသိတရားရအောင် အချိန်အခါအခွင့်ကို လိုက်၍ ဤစာအုပ်ကို

ကျွန်တော်တို့ စာတည်းအဖွဲ့ ဝင်များက စေတနာ ရှေ့ထားပြီး စွမ်းအားရှိသလောက် စီစဉ်ထုတ်ဝေလိုက်ပါသည်။ ပိုမိုရှင်းလင်း လွယ်ကူအောင် မှတ်မိလွယ်အောင် ရုပ်ပုံကာတွန်းများနှင့် မွမ်းမံ၍ ပြင်ဆင်ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။


ဒီမိုကရေစီသဘောကို ငယ်ရွယ်နုပျိုသော ကျောင်းသူ၊ ကျောင်းသား ၊ အရပ်သူအရပ်သား၊ အသင်းသူအသင်းသားများ ဖတ်ရှုမိလျှင် တစုံတရာ အကျိုးတန်သလောက်ရှိလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသည်။ အခြေခံ ကျောင်းသူကျောင်းသားများ၊ နိုင်ငံရေးခေါင်းဆောင်များ ၊ နိုင်ငံ့ခေါင်းဆောင် ဖြစ်လိုသူများ ဖတ်မိလျှင်ပင် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည်ဟု ယူဆမိပါသည်။

ဒီမိုကရေစီ ပန်းတိုင်ကို ချောချောမွေ့မွေ့ ဖြတ်သန်းပြီး နိုင်ငံသစ်ကို ဖန်တီးနိုင်ကြပါစေလို့ ရည်ရွယ်လျက်...

ပဉ္စင်္ဂစာတည်းအဖွဲ့<br>
၁၃၇၆ ခုနှစ်<br>
တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်<br>
(အမျိုးသားနေ့)<br>
၁၆.၁၁.၂၀၁၄


ကိုးကား - ဒီမိုကရေစီစိတ်ထား (သံအမတ်ကြီး ဦးတင့်ဆွေ) ၏ နိဒါန်းအမှာစာ


# အခန်း(၁)
# ထားရှိရမည့် ဒီမိုကရေစီစိတ်ထား




လူကို လူချင်း အသိအမှတ်ပြုပါ။
အဆင့်အတန်း မခွဲပါနှင့်။
ကိုယ်ချင်းစာစိတ်သည် အရေးကြီး၏။

မှန်မှန်ကန်ကန်၊ မျှမျှတတ
စိတ်သဘောထားရှိပါစေ။








နည်းလမ်းမှန်စွာဖြင့် ဖွဲ့စည်းထားသော
စည်းကမ်းဥပဒေပြုအဖွဲ့၏ စည်းကမ်းဥပဒေသများကို
လေးစားလိုက်နာသင့်သည်။




**ကြည်ဖြူစွာ မဲဆန္ဒပေးခြင်းဖြင့်**
**မှူဘောင်ရှိသော ဥပဒေပြုအဖွဲ့များ ဖွဲ့ကြပါ။**
(ဥပမာ - ကျောင်း၊ ရွာ၊ မြို့ ဘုရားပုထိုး၊ သာရေးနာရေး အသင်းအဖွဲ့ နိုင်ငံ)

အသင်းအဖွဲ့များတွင် မျက်နှာစုံညီ အစည်းအဝေး ပုံမှန်ပြုလုပ်ပါ။
အရေးကြီးကိစ္စများ ပေါ်လာက ကြားဖြတ်အစည်းအဝေးခေါ်ပါ။





ကိစ္စတစ်ရပ်ကို မဲဆန္ဒဖြင့် ဆုံးဖြတ်ပါ။
လွတ်လပ်စွာ ပြောဆိုခြင်း။ အချေအတင် ဆွေးနွေးခြင်းသည်
အရေးပါ၏။

မဲခွဲဆုံးဖြတ် အတည်ပြုပြီးနောက် ဆုံးဖြတ်ချက်ကို
အားလုံး လိုက်နာကျင့်သုံးရမည်။
အများ၏ ဆုံးဖြတ်ချက်ကို လေးစား လိုက်နာ တန်ဖိုးထားပါ။

